


ဆွေမြင့်ဦး

ကမ္ဘာကျော်စာရေးဆရာ
ဂျက်ဖရီအာချာ၏

# ဟာကွက်

နှင့်

# အခြားဝတ္ထုများ

အခန်း(၁)

# ကမ္ဘာကျော်စာရေးဆရာ ဂျက်ဖရီအာချာ ၏ ဟာကွက် နှင့် အခြားဝတ္ထုများ

## ဆွေငြိမ်းဦး

ဆွေငြိမ်းဦးအမည်ခံ ဒေါက်တာသန်းငြိမ်းကို အဘ ဦးတင်ညွှန့်၊ အမိ ဒေါ်ခင်ညွှန့်တို့က ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ခနောင်(အရှေ့)ကျေးရွာတွင် ၁၉၃၈ ခုနှစ်က မွေးဖွားသည်။ ရန်ကုန်တက္ကသိုလ်၌ ၁၉၅၄ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ပညာသင်ကြားခဲ့ပြီး၊ အမ်၊ ဘီ၊ ဘီ၊ အက်စ် ဆရာဝန်ဘွဲ့ကို ရရှိခဲ့သည်။ တက္ကသိုလ်၌ ရှိစဉ် ကျောင်းသားအဖွဲ့အစည်းများတွင် ပါဝင်လှုပ်ရှားခဲ့ပြီး၊ သမဂ္ဂစာစောင်မဂ္ဂဇင်းများ၌ ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ ပြဇာတ်များ ရေးသား ခဲ့သည်။

ကျန်းမာရေးဌာနတွင် (၂၅) နှစ်မျှ အမှုထမ်းခဲ့ပြီး၊ ၁၉၈၂ ခုမှ ၁၉၈၄ ခုနှစ်အထိ၊ ကုလသမဂ္ဂ စေတနာ့ဝန်ထမ်းဆရာဝန်အဖြစ်၊ သီရိလင်္ကာနိုင်ငံတွင် သွားရောက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် တာဝန်မှအနားပေးခြင်းခံခဲ့ရသည်။ နောက်ပိုင်းကာလများတွင် တော်ဝင်မဂ္ဂဇင်း၊ ရန်နံ့သစ်မဂ္ဂဇင်းတို့၌ ဆောင်းပါးများ၊ ဘာသာပြန်ဝတ္ထုတိုများ ရေးသားခဲ့သည်။

*

## ဟာကွက်

“ငါကြားတာကတော့ ဒီလိုမဟုတ်ဘူး” လို့ ဖီးလစ်က ခပ်ကျယ်ကျယ်ပြောလိုက်တယ်။ ဘားထဲမှာရှိတဲ့ ကလပ်အသင်းဝင်တစ်ယောက်က အသံကြားလို့ လှည့်ကြည့်လိုက်တဲ့အခါ ဘယ်သူပြောတယ်ဆိုတာသိတော့ ပြန်လှည့်သွားပြီး သူ့စကားဝိုင်းသူ ဆက်နေတော့တယ်။

အဲဒီ စနေနေ့မနက်က ဟေဇယ်မီယာ ဂေါက်ကလပ်မှာ လူတော်တော်များများရောက်နေ ကြပြီ။ ကျယ်ကျယ်ဝန်းဝန်းရှိတဲ့ ကလပ်ခန်းမဟာ နေ့လယ်စာမစားခင် အချိန်ဆိုရင် ထိုင်စရာ တောင် ခပ်ကြပ်ကြပ်ပဲ။

ကလပ်အသင်းဝင်နှစ်ယောက်ဟာ လူမစည်သေးချိန်ကတည်းက ဂေါက်ကွင်းထဲက ပထမ ကျင်းကို ဆီးမြင်နိုင်တဲ့ အခန်းကွေ့ကလေးထဲမှာ နေရာယူထားကြတယ်။ အခုဆိုရင် သောက်စရာ ကို ဒုတိယမွှိမှာထားကြပြီ၊ ဖီးလစ်မာစတာနဲ့ မိုက်ကယ်ဂီလမာတို့ဟာ စနေပွဲကို ခါတိုင်းထက်စော ပြီးအောင် ရိုက်ခဲ့ကြပြီး လောလောဆယ်မှာတော့ စကားထဲမှာ စျာန်ဝင်နေကြတာပါ။

“မင်းက ဘယ်လိုကြားလို့ တုံး”
မိုက်ကယ်ဂီလမာပြန်မေးလိုက်တဲ့အသံက အေးအေး ဆေးဆေးဆိုပေမယ့် ခပ်ဝေးဝေးက ကြားနိုင်တယ်။

ဖီးလစ်က “ဒီကိစ္စမှာ မင်းအပြစ်မကင်းဘူး ဆိုတာကိုပေါ့” လို့ပြောတော့-

မိုက်ကယ်က “ငါ့မှာ လုံးဝအပြစ်မရှိဘူး၊ မင်းက ဘာကိုဆိုလိုတာတုံး” လို့ ပြန်ပြောလိုက် တယ်။

“ငါ ဘာကိုမှ ဆိုလိုတာမဟုတ်ဘူး။ ဒါပေမဲ့ မင်းငါ့ကို အရူးလုပ်လို့မရဘူးဆိုတာတော့ မမေ့ပါနဲ့၊ မင်းကို တစ်ချိန်က ငါအလုပ်ခန့်ခဲ့ဖူးတယ်၊ ပြီးတော့ မင်းပြောတိုင်းယုံရအောင် မင်းနဲ့ငါ သိခဲ့တာက ကြာလှပြီပဲ” လို့ ဖီးလစ်ကပြောတော့ မိုက်ကယ်က-

“ငါ ဘယ်သူ့ကိုမှ အရူးလုပ်ဖို့ ကြိုးစားနေတာမဟုတ်ဘူး၊ ငါ အလုပ်ပြုတ်တာက လူတိုင်း သိနေတဲ့ဟာပဲ၊ ငါငြင်းနေတာမှ မဟုတ်တာ”

“ထားလိုက်ပါတော့၊ ဒါပေမဲ့ လူမသိတာက မင်းဘာကြောင့် အလုပ်ပြုတ်တယ်ဆိုတာရယ်၊ ပြီးတော့ ဘာဖြစ်လို့ နောက်အလုပ်တစ်ခု မရတာ

လဲဆိုတာရယ်ကိုပေါ့"

"ငါ နောက်ထပ်အလုပ်မရနိုင်တာက ရှင်းရှင်းလေးပါ၊ အခုအချိန်မှာ အလုပ်ကရှားနေတာ ကို နေပါဦး စကားမစပ် မင်းအခုလို အောင်မြင်ပြီး သန်းကြွယ်သူဌေးဖြစ်နေတာ ငါ့အပြစ်မို့လို့လား"

"မင်း အမြဲအလုပ်ပြုတ်နေပြီး ဘိုင်ကျနေတာလည်း ငါ့အပြစ်မဟုတ်ပါဘူး။ တကယ်ပြောရ ရင် ရှေ့အလုပ်ရှင်ဆီက ထောက်ခံစာပြနိုင်တဲ့လူဟာ နောက်အလုပ်ရဖို့ မခက်ပါဘူး"

"မင်းက ဘာရည်ရွယ်ပြီး ပြောတာတုန်း"

"ငါ ဘာကိုမှ ရည်ရွယ်မပြောဘူး"

သူတို့နှစ်ယောက်ရှေ့ဖက်မှာရှိတဲ့ လူတစ်စုဟာ ပြောလက်စစကားဝိုင်းကို ရပ်လိုက်ကြပြီး သူတို့နောက်ကလူနှစ်ယောက်ဆက်ပြောနေတာကို နားစွင့်လိုက်ကြတယ်။

ဖီးလစ်က ဆက်ပြောတယ်-

"ငါပြောနေတာက မင်းကို ထောက်ခံမယ့်လူမရှိဘူးဆိုတဲ့ အကြောင်းပြချက်နဲ့တော့ ဘယ်သူကမှ မင်းကိုအလုပ်ပေးမှာမဟုတ်ဘူးဆိုတာပဲ၊ ဒါက လူတိုင်းသိနေတဲ့ဟာ"

တကယ်တော့ လူတိုင်းက သိမနေပါဘူး။ ဒါကြောင့်လည်း အခန်းထဲမှာရှိနေတဲ့လူတွေက သိဖို့ကြိုးစားနေကြတာ ဖြစ်ပါတယ်။

"ငါ့ကို အလုပ်ထွက်ခွင့်ပြုတာပါ" မိုက်ကယ်က ဆင်ခြေတက်တယ်။

"မင်းကိစ္စမှာ ထွက်ခွင့်ဆိုတာ ထုတ်ပစ်တာပါပဲကွာ၊ ဒီလိုအချိန်မျိုးမှာ ဘယ်သူမှ ဟန်ဆောင်မနေပါဘူး"

"ငါက ပိုလျှံဝန်ထမ်းဖြစ်သွားလို့ကွ၊ ဒီနှစ်ထဲမှာ ကုမ္ပဏီအမြတ်က

စိတ်ပျက်စရာနည်းနည်း ဖြစ်သွားတယ်”

“စိတ်ပျက်စရာနည်းနည်း ဟုတ်လား၊ အဓိပ္ပာယ်မရှိတာကွာ…….. မဟုတ်က ဟုတ်က”

“တို့ရဲ့ အဓိကဖောက်သည်နှစ်ဦး ပြိုင်ဘက်ဆီရောက်သွားလို့ပါ”

“မင်းပြောတဲ့ ပြိုင်ဘက်တွေက မင်းတို့ရဲ့ အတွင်းရေးတွေရဖို့ လာဘ်ထိုးယူနေတာ ငါကြားပြီးပါပြီ”

အခုအချိန်မှာတော့ ကလပ်အသင်းဝင်အများစုဟာ သူတို့ပြောလက်စ စကားတွေကိုဖြတ်၊ ကိုယ်ခန္ဓာတွေကိုမှိုလို့တစ်မျိုး။ လိမ်လို့တစ်ဖုံ၊ လှည့်လို့တစ်နည်း၊ ကုန်းလို့တစ်လမ်း၊ ဒီလူ နှစ်ယောက်ဆီကထွက်လာတဲ့ စကားတွေကို တစ်လုံးမကျန်ကြားရဖို့ အားသွန်ခွန်စိုက်ကြိုးပမ်းနေ ကြလေရဲ့။

“အဲဒီ ဖောက်သည်တွေ ဆုံးရှုံးရတာ နဲ့ပတ်သက်လို့ ကုမ္ပဏီအစုပိုင်ရှင်တွေရဲ့ နှစ်ပတ်လည် အစည်းအဝေးမှာ အပြည့်အစုံရှင်းပြထားတာပဲ” လို့ မိုက်ကယ်ကပြောတယ်။

“ဒီဖောက်သည်တွေကို ရှင်းပြရာမှာ ကုမ္ပဏီရဲ့ ဝန်ထမ်းဟောင်းတစ်ဦးက အလုပ်ထုတ်ခံရ ပြီးလို့ ရက်ပိုင်းအတွင်းမှာပဲ ဘယ်လိုလုပ်ပြီး ကားဝယ်နိုင်တယ်ဆိုတာကို ပြောပြခဲ့ရဲ့လား၊ ဒါက လည်း ဒုတိယမြောက်ကားနော်…….. ထပ်ပြောပါရစေဦး” ဖီးလစ်က ဖိပြောရင်း ခရမ်းချဉ်သီး ဖျော်ရည်ကို တစ်ချက်စုပ်သောက်လိုက်တယ်။

“ကားက အသစ်မဟုတ်ပါဘူး” လို့ မိုက်ကယ်က ခုခံတယ်၊ “တစ်ပတ်ရစ် မီနီကားလေးပါ၊ ငါက ကုမ္ပဏီကားကိုအပ်လိုက်တော့ ထုတ်ပေးတဲ့ နစ်နာကြေးထဲကငွေနဲ့ ဝယ်တာပါ၊ ဘယ်လို ဆိုဆို ကာရိုးလ်အတွက် ဘဏ်ကိုအလုပ်သွားဖို့ ကားတစ်စီးတော့ လိုတာပဲလေ”

“ရှင်းရှင်းပြောရရင်တော့ကွာ……..မင်းလုပ်ထည့်လိုက်တာကို ကာရိုးလ်က ဒီလောက် ကြာအောင် သည်းခံနေတာကိုပဲ ငါအံ့သြနေတာ”

“ငါလုပ်ထည့်လိုက်တာ ဟုတ်လား၊ မင်းဘာကိုဆိုလိုတာလဲ”

“ငါဘာမှဆိုလိုတာမဟုတ်ဘူး၊ ဒါပေမဲ့ အဖြစ်က မိန်းမငယ်ငယ်လေးတစ်ယောက်ဟာ …….. နာမည်တွေ ဘာတွေထားလိုက်ပါ…….. (ဒီနေရာမှာ ခိုးနားထောင်နေကြသူတွေ စိတ်ပျက် သွားကြပါတယ်) တစ်ချိန်တည်းမှာပဲ အလုပ်ပြုတ်သွားတယ်လေ၊ ကိုယ်ဝန်ပါရှိနေတာကို အသာ ထားဦး……..”

အခုအခါမှာတော့ ဘားဆိုင်းစားပွဲထိုးဆီက အဖျော်ယမကာ ဘယ်သူမှ မမှာတာ ခုနစ်မိနစ် လောက်ရှိသွားပါပြီ။ ဒီလူနှစ်ယောက် စကားများနေကြတာကို မကြားချင်ယောင်ဆောင်နေတဲ့လူ လည်း နည်းနည်းပဲရှိပါတော့တယ်။ တချို့ကဆို မယုံနိုင်လောက်အောင် အံ့အားသင့်ရတဲ့ပုံနဲ့ စူးစိုက်ကြည့်နေကြပါတယ်။

“ဒီအမျိုးသမီးကို ငါကောင်းကောင်းတောင် မသိပါဘူး” လို့ မိုက်ကယ်က စောဒကတက် တယ်။

ဖီးလစ်က “ငါပြောခဲ့သလိုပဲ၊ ကြားထားတာက ဒီလိုမဟုတ်ဘူး။ ဒီထက်ပိုပြီး ငါသိတာပြော ရရင် ထွက်လာတဲ့ကလေးမျက်နှာပေါက်နဲ့ ချွတ်စွပ်တူနေတာ……..”

“ဒါကတော့ သိပ်ကိုတရားလွန်သွားပြီ……..”

“မင်းဘာကိုမှ ဖုံးကွယ်မနေဘူးဆိုရင်ပေါ့……..”

“ဘာမှ ငါဖုံးမထားဘူးဆိုတာ မင်းအသိပါ”

“မီနီကားကလေးရဲ့ နောက်ထိုင်ခုံပေါ်မှာ ရွှေရောင်ဆံပင်လေးတွေ ကာရိုးလ်တွေ့သွား တာလည်း ဖုံးမထားဘူးပေါ့ ဟုတ်လား၊ အလုပ်ထဲက

ကောင်မလေးက ရွှေရောင်ဆံပင်လေးနဲ့လေ”

“ဒါတွေက ရွှေရောင်အမဲလိုက်ခွေးဆီက ကျွတ်ကျန်ခဲ့တာတွေပါ”

“မင်းမှာ ရွှေရောင်အမဲလိုက်ခွေးမှ မရှိပဲ”

“ဟုတ်ပါတယ်၊ အရင် ဒီကားပိုင်ရှင်ဆီမှာ ဒီခွေးရှိတယ်”

“ဒီခွေးမကို အရင်ကာရှင်လည်း မပိုင်ပါဘူးကွာ၊ မင်းရဲ့လံကြုတ်ဇာတ်ကို ကာရိုးလ် ယုံမယ် လို့လည်း ငါမထင်ဘူး”

“သူယုံပါတယ်၊ ဒါက အမှန်ပဲဟာ”

“အမှန်တရားဆိုတာက မင်းနဲ့အဆက်အသွယ်ပြတ်နေတာ ကြာပြီပဲ၊ မင်းအလုပ်ပြုတ်တာ က ပထမအချက်အနေနဲ့ အသက် ၄၀ အောက်ဆိုရင် မင်းလက်တည့်မစမ်းပဲ မနေနိုင်တာ၊ ဒုတိယ က အလုပ်ထဲကငွေကို မင်းအချောင်မနိုက်ပဲ မနေနိုင်တာ၊ ဒီအကြောင်းတွေကြောင့်ပဲ မင်းကိုငါ အလုပ်ထုတ်ခဲ့ရတယ်ဆိုတာ မမေ့ပါနဲ့”

မိုက်ကယ် ထခုန်လိုက်တယ်။ သူ့ရဲ့ပါးနှစ်ဖက်ဟာ ဖီးလစ်သောက်နေတဲ့ ခရမ်းချဉ်သီး ဖျော်ရည်လောက်နီးနီး နီရဲလာတယ်။ သူက ကျစ်ကျစ်ပါအောင်ဆုတ်ထားတဲ့လက်သီးကို ဖီးလစ် ဆီလွှဲပြီး ထိုးတော့မယ်အလုပ် ကလပ်ဥက္ကဋ္ဌ ကာနယ်မာသာဟာ သူ့အနားရောက်လာတယ်။

“မင်္ဂလာပါခင်ဗျာ” လို့ ဖီးလစ်က မတ်တပ်ရပ်လိုက်ရင်း တည်တည်ငြိမ်ငြိမ်နှုတ်ဆက်လိုက် တယ်။

“မင်္ဂလာပါ ဖီးလစ်” လို့ ကာနယ်က ခပ်မာမာပြန်နှုတ်ဆက်တယ်။ ပြီးတော့ “ဒီအခန့်မသင့် တဲ့ကိစ္စကလေးက တော်တော်တရားလွန်သွားပြီလို့ မထင်ဘူးလား” လို့ မေးလိုက်တယ်။

“အခန့်မသင့်ရုံပဲလားဗျာ........” လို့ မိုက်ကယ်က စောဒကတက်တယ်။

“ကျွန်တော့်အကြောင်းတွေ သူပြောနေတာ ခင်ဗျားမကြားဘူးလား”

“ဒီမှာရှိတဲ့ အသင်းဝင်တွေလိုပဲ ငါလည်း တစ်လုံးမကျန်ကြားပါတယ်” ကာနယ်က ဖီးလစ် ဘက်လှည့်ပြီး ထပ်ပြောလိုက်တယ်။ ”မင်းတို့ နှစ်ယောက် လူကြီးလူကောင်းတွေပီပီ ပြီးတာပြီးတဲ့ သဘောနဲ့ လက်ဆွဲနှုတ်ဆက်လိုက်ရင် ကောင်းမယ်”

မိုက်ကယ်က “ဘာဗျ........၊ ဒီလို လူပွေလူရှုပ်၊ နှစ်ဖက်လှ၊ ကလိန်ကျစ်နဲ့ လက်ဆွဲ နှုတ်ဆက်ရမှာလား။ ဘယ်တော့မှမလုပ်ဘူး။ ကျွန်တော်ပြောမယ် ကာနယ်........ဒီကလပ်ရဲ့ အသင်းဝင်အဖြစ်နဲ့ သူနဲ့တန်ကိုမတန်ဘူး။ ခင်ဗျားကြားလိုက်ရတယ်ဆိုတာက သူတကယ်ပြော တာရဲ့ တစ်ဝက်ပဲရှိသေးတယ်”

ကာနယ်ကြီးက သူ့ရဲ့ သံတမန်ခင်းညှိနိုင်းမှု နောက်တစ်ကြော့မစလိုက်နိုင်ခင်မှာပဲ မိုက်ကယ်က ဖီးလစ်ကို ခုန်အုပ်လိုက်တယ်။ ဒီအခါ ဥက္ကဋ္ဌကြီးထက်ငယ်တဲ့ လူသုံးယောက်က ဝိုင်းပြီးဆွဲလိုက်ကြရပါတယ်။ ချက်ချင်းဆိုသလိုပဲ ကာနယ်က သူတို့ကို ဂေါက်ကလပ်ရဲက ပရဝုဏ် ကနေ ထွက်ခိုင်းလိုက်တယ်။ ပြီးတော့ သူတို့နှစ်ယောက်ရဲ့အပြုအမူကို နောက်တစ်ကြိမ် လစဉ် အစည်းအဝေးမှာ ချပြမယ့်အကြောင်း၊ ဒီကာလအတွင်း နှစ်ယောက်စလုံးကို အသင်းဝင်အဖြစ် ကနေ ရပ်နားထားမယ့်အကြောင်းတွေ ပြောလွှတ်လိုက်ပါတယ်။

ကလပ်အတွင်းရေးမှူး ဂျယ်ရမီဟောင်းဝပ်က သူတို့နှစ်ယောက် ထွက်သွားတဲ့အထိ လိုက် ပို့ရတယ်။ ဖီးလစ်က သူ့ရဲ့ ရိုးရွိုက်စ်ကားပေါ်တက်ပြီး အေးအေးဆေးဆေးပဲ မောင်းထွက်သွား တယ်။ မိုက်ကယ် သူ့မီနီကားလေးနဲ့ ထွက်သွားတဲ့အထိတော့ မိနစ်အနည်းငယ်စောင့်ရသေးတယ်။ မိုက်ကယ်က မောင်းမထွက်ခင် ကားရှေ့ထိုင်ခုံမှာထိုင်ပြီး တစ်စုံတစ်ရာကို ရေးခြစ်နေတယ်။ ဂိတ်ဂကနေ သူထွက်သွားတော့မှ အတွင်းရေးမှူးဟာ ကလပ်က ဘားကိုပြန်လှည့်လာခဲ့တယ်။ ဒီလူနှစ်ယောက် ကလပ်ပိုင်နက်က ထွက်သွားပြီးနောက်ပိုင်း ဖြစ်ပျက်တာတွေက သူနဲ့မဆိုင်တော့ ဘူးလေ။

ကလပ်ခန်းမထဲရောက်တော့ လူတွေဟာ သူတို့အရင်ပြောလက်စ စကားတွေကို ဆက် ပြောမနေကြတော့တာကို အတွင်းရေးမှူးက သတိပြုမိတယ်။ ဥက္ကဋ္ဌရဲ့ ကျင်းစိမ်ပတ်တာတုတ်ဆု ကို ဘယ်သူရမလဲ၊ အမျိုးသမီး အကျောပေးဖလားပြိုင်ပွဲမှာ တန်းစီဇယားဘယ်လိုရှိမလဲ၊ ဒီနှစ် လူငယ်ပြိုင်ပွဲကို ဘယ်သူစပွန်ဆာလုပ်ခွင့်ရမလဲဆိုတာတွေကို မပြောကြတော့ပါဘူး။

ဒီနေ့မနက်စောစော ၁၆ ကျင်းမှာ သူတို့ကို ကျွန်တော်ကျော်တက်သွားတုန်းက ကြည့်ရ တာ ပြုံးပြုံးရွှင်ရွှင်ပါပဲလို့ ကပ္ပတိန်က ကာနယ်ကိုပြောပြတယ်။

ကာနယ်ကလည်း သူတွေးရခက်နေတာကို ဝန်ခံတယ်။ လွန်ခဲ့တဲ့ ၁၅ နှစ်၊ သူတို့ နှစ်ယောက် ကလပ်ကိုစဝင်ကတည်းက သိခဲ့ရတာ ၊ လူဆိုးကလေးတွေမဟုတ်ကြပါဘူးလို့ ကပ္ပတိန်ကိုပြောပြတယ်။ စနေမနက်တိုင်း ကွင်းတစ်ပတ် အတူတူကစားလေ့ရှိကြပြီး တစ်ခါမျှ အခုလို ကတောက်ကဆတ်ဖြစ်တာ မတွေ့ဖူးဘူးလို့ဆိုတယ်။

"စိတ်မကောင်းစရာပဲ" ကာနယ်က ပြောလိုက်တယ်။

"လူငယ်ပြိုင်ပွဲမှာ မာစတာကို စပွန်လုပ်ခိုင်းဖို့ မှန်းထားတာ"

"ကောင်းသားပဲ၊ ဒီစိတ်ကူးကို မဖျက်သေးဘူးမဟုတ်လား"

"သူတို့ ဘာလုပ်ဖို့စဉ်းစားတယ်ဆိုတာ ကျုပ်တော့ မတွေးတတ်အောင်ပဲ"

"ဖီးလစ်က သိပ်အောင်မြင်နေပြီး မိုက်ကယ်က ဒုက္ခရောက်နေလို့ကော မဖြစ်နိုင်ဘူးလား"

"မဟုတ်ဘူး၊ ဒါထက်ပိုတဲ့အကြောင်းရှိမယ်.......၊ ဒီမနက်အဖြစ်အပျက်ကလေးဟာ ပိုပြီး ရှင်းရှင်းလင်းလင်းသိဖို့လိုမယ်......." လို့

ကာနယ်က တွေးတွေးဆဆ ဆက်ပြောလိုက်ပါတယ်။

*

ဖီးလစ်မာစကာဟာ သူ့ရဲ့ ပထမအလုပ်ဖြစ်တဲ့ မီးဖိုချောင်သုံး ပစ္စည်းအရောင်းသမားဘဝ ကို စွန့်ခွာခဲ့ပြီးကတည်းက အောက်ခြေကစခဲ့တာ အားလုံးသိပြီးသားပါ။ သူ့ခြံထောင့်ဂိုဒေါင်က စခဲ့တဲ့ အဆင်သင့်မီးဖိုဆောင်လုပ်ငန်းဟာ နောက်ဆုံးကျတော့ မြို့စွန်မှာ အလုပ်သမား ၃၀၀ ရှိတဲ့ စက်ရုံဖြစ်သွားခဲ့ပါတယ်။ လုပ်ငန်းကို အများပိုင်လုပ်လိုက်တဲ့အခါ ဖီးလစ်ရဲ့ အစုရှယ်ယာပိုင်ဆိုင်မှု က လေးငါးသန်းလောက်ရှိလာတယ်။ ကုမ္ပဏီကို ဂျွန်လူးဝစ် အစုစပ်လုပ်ငန်းကြီးက ဝယ်လိုက် တော့ ဖီးလစ်ဟာ ပေါင် ၁၇ သန်းတန်ချက်လက်မှတ်နဲ့ ငါးနှစ်ဝန်ဆောင်မှု ကန်ထရိုက်ပါ ရလိုက် တယ်။ အခုလိုပွလိုက်တဲ့ငွေထဲကနေ ဟေဇယ်မီယာမြို့အစပ်မှာ ဧက ၆၀ ရှိတဲ့ မြေနဲ့ အိမ်ကြီး တစ်လုံးကိုပါ ဝယ်လိုက်တယ်။ သူ့အိပ်ခန်းထဲကနေ ဂေါက်ကွင်းကို လှမ်းမြင်နိုင်တယ်။

ဖီးလစ်ဟာ အိမ်ထောင်သက် နှစ် ၂၀ ရှိပါပြီ။ သူ့ဇနီး ဆယ်လီကတော့ ကလေးများကယ် ဆယ်ရေးရန်ပုံငွေ အဖွဲ့ခွဲမှာ ချယ်ယာမင်ဖြစ်ရုံမက ဒေသဆိုင်ရာ တရားသူကြီးလည်းဖြစ်တယ်။ သူ့သားကတော့ လောလောဆယ်မှာ အောက်စဖို့တက္ကသိုလ်၊ စိန့်အန်းကောလိပ်မှာ ဝင်ခွင့်ရထား တယ်။

မိုက်ကယ်ဟာ ဒီသူငယ်ရဲ့ ခေါင်းကိုင်ဖခင်ပါ။

မိုက်ကယ်ဂီလမာရဲ့ ဇာတ်လမ်းကတော့ တကယ့်ကို ပြောင်းပြန်ပါပဲ။ ကျောင်းမှာတုန်းက ဖီးလစ်ဟာ သူ့ရဲ့အရင်းနှီးဆုံးသူငယ်ချင်းပါ။ သူဟာ ကျောင်းကထွက်ပြီးကတည်းက အလုပ်တစ်ခု ကနေ တစ်ခု လွင့်မျောနေခဲ့တယ်။ ဖီးလစ်လိုပဲ သူက သူ့ငယ်ရည်းစားလည်းဖြစ်၊ သူတို့အရပ်က ဆရာဝန်တစ်ဦးရဲ့ သမီးလည်းဖြစ်တဲ့ ကာရိုးလ်ဝက်ကစ်နဲ့ လက်ထပ်ခဲ့တယ်။ သူတို့ရဲ့ သမီးလေး

မွေးပြီးတော့ ကာရိုးလ်က မိုက်ကယ့်အလုပ်ဟာ ခရီးထွက်ရတာ များတယ်ပြောတာနဲ့ စာအုပ်တိုက် ကိုယ်စားလှယ်အဖြစ်က ထွက်လိုက်တယ်။ နောက် အရပ်ထဲက အချိုရည်ကုမ္ပဏီမှာ ဖြန့်ချိရေး မန်နေဂျာဝင်လုပ်တယ်။ နှစ်အနည်းငယ်လုပ်ပြီးတဲ့အခါ သူ့ကိုကျော်ပြီး သူ့လက်ထောက်ကို ရာထူး တိုးပေးလိုက်တော့ ဒေါကန်ပြီး အလုပ်ထွက်ခဲ့တယ်။ အဲဒီ လို အလုပ်လက်မဲ့ဖြစ်နေရာက ကောက်ပဲ သီးနှံထုပ်ပိုးတဲ့ကုမ္ပဏီမှာ အလုပ်ရခဲ့ပါတယ်။ ဒီအခါမှာလည်း ပြောင်းဖူးစေ့နဲ့ ဓာတ်မတည့်လို့ အလုပ်ထွက်ရတဲ့အခါ ဆေးစာပြနိုင်လို့ ပထမဆုံးအကြိမ် နစ်နာကြေးရခဲ့ပါတယ်။

နောက်တော့ ဖီးလစ်ရဲ့ အဆင်သင့်မီးဖိုဆောင် ကုမ္ပဏီမှာ ဝင်လုပ်တယ်။ ဒါပေမဲ့ ကုမ္ပဏီ ကိုရောင်းလိုက်ပြီး တစ်လမပြည့်ခင်မှာ အကြောင်းပြချက်မပေးဘဲ ထွက်ခဲ့တယ်။ နောက်တစ်ကြိမ် အလုပ်လက်မဲ့ဖြစ်ရပြန်ရော။ နောက်တော့ သူဟာ မိုက်ကရိုဝေ့ဖ်မီးဖိုလုပ်တဲ့ကုမ္ပဏီမျာ အရောင်း မန်နေဂျာဝင်လုပ်တယ်။ ဒီတစ်ခါတော့ အခြေကျပြီလို့ယူဆရတော့မလိုရှိတုန်း မပြောမဆို အလုပ် ဖြုတ်ခံလိုက်ရပြန်တယ်။ အဲဒီ နှစ်က ကုမ္ပဏီအမြတ်တွေ ထက်ဝက်ကျဆင်းသွားခဲ့တာလည်း အမှန်ပါပဲ။ ကုမ္ပဏီဒါရိုက်တာတွေက မိုက်ကယ်အလုပ်ထွက်ရတာ ကို စိတ်မကောင်းကြဘူးလို့ ပြောတယ်။ ဟုတ်မှာပါပဲ၊ ကုမ္ပဏီတွင်းဖြန့်ဝေတဲ့ စာစောင်မှာတော့ ဒီလိုရေးထားတာပဲလေ။

ဒီတစ်ကြိမ်မှာတော့ ကာရိုးလ်ဟာ စိတ်ဓာတ်ကျမှုကို ဖုံးကွယ်လို့မရတောပါဘူး။ သူတို့ရဲ့ သမီးကလေးက အနုပညာကျောင်းမှာ ဝင်ခွင့်ရထားတယ်။ ငွေက သုံးဖို့လိုနေပြီ။

ဖီးလစ်ဟာ ဒီသူငယ်မလေးရဲ့ ခေါင်းကိုင်ဖခင်ပါ။

*

“ဒီတော့ ရှင်က ဘာလုပ်မှာတုန်း”

မိုက်ကယ်က ကလပ်မှာ ဖြစ်ပျက်ခဲ့တာတွေကို ပြန်ပြောပြတဲ့အခါ ကာရိုးလ်က စိုးရိမ်စိတ် နဲ့မေးလိုက်ပါတယ်။

"ငါလုပ်နိုင်တာ တစ်ခုပဲရှိတယ်" လို့ သူကပြန်ပြောတယ်။

"တကယ်တော့ ငါ့ဂုဏ်သိက္ခာလည်း ငါထည့်စဉ်းစားရဦးမှာပေါ့၊ ဒီခွေးကောင်ကို ငါတရားစွဲ ရမယ်"

"ကိုယ့်သူငယ်ချင်းအရင်းခေါက်ခေါက်ကို ရှင်ဒီလိုမပြောသင့်ဘူး။ နောက်ပြီး ဘယ်လိုပဲ ဖြစ်ဖြစ် ကျွန်မတို့မှာ တရားတပေါင်ရင်ဆိုင်ဖို့ တတ်မှမတတ်နိုင်တာ၊ ဖီးလစ်က သူဌေး၊ ကျွန်မတို့ က ခြူးတစ်ပြားမှမကပ်ပဲနဲ့"

"မတတ်နိုင်ဘူးလေ........ငါကတော့ လုပ်ရမှာပဲ၊ ရှိတာထုတ်ရောင်းချင် ရောင်းရပစေ"

"ကျန်တဲ့ ရှင့်မိသားစုလည်း ရှင်နဲ့အတူ ဒုက္ခရောက်ချင် ရောက်ပစေပေါ့ ဟုတ်လား"

"နောက်ဆုံးတော့ သူက တို့ရဲ့ ကုန်ကျစရိတ်ရော၊ လျော်ကြေးရော ပေးရပြီဆိုရင် တို့ဒုက္ခ ဘယ်ရောက်တော့မှာလဲ"

"ဒါပေမဲ့ ရှင်လည်း တရားရှုံးနိုင်တာပဲ၊ အဲဒီ ကျတော့ ဘာမှရမှာမဟုတ်တဲ့အပြင် ပိုတောင် ဆိုးသွားဦးမယ်"

"မဖြစ်နိုင်ပါဘူး၊ သူက ဒီဟာတွေကို သက်သေတွေရှေ့မှာ ပြောခဲ့တဲ့အမှား လုပ်ခဲ့တယ် လေ။ ဒီနေ့မနက် ကလပ်မှာ လူငါးဆယ်ကျော်လောက်ရှိနေတာ၊ ကလပ်ဥက္ကဋ္ဌရော သတင်းစာ အယ်ဒီတာရော........တစ်လုံးမကျန် မကြားပဲမနေနိုင်ဘူး"

ကာရိုးလ်ကတော့ သဘောမကျနိုင်အောင် ဖြစ်တယ်။ ဒါပေမဲ့ နောက်ရက်အနည်းငယ် အတွင်းမှာ မိုက်ကယ်က ဖီးလစ်ရဲ့နာမည်ကို

တစ်ခါမှပြောသံမကြားရတဲ့အခါ စိတ်သက်သာရာရ သွားတယ်။ သူ့ယောကျ်ားဟာ အသိဝင်လာပြီး ကိစ္စတစ်ခုလုံးကို မေ့လိုက်တာအကောင်းဆုံးပဲလို့ ယူဆသွားပုံရတယ်လို့ တွေးလိုက်တယ်။

အဲဒီ အချိန်မှာပဲ ဟေဇယ်မီးယားခရော်နီကယ် သတင်းစာက မိုက်ကယ်နဲ့ ဖီးလစ်တို့ရဲ့ ရန်ပွဲအကြောင်းရေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဂေါက်ကလပ်က ရန်ပွဲဆိုတဲ့ ခေါင်းစဉ်အောက်မှာ စနေနေ့တုန်းက ဖြစ်ပွားခဲ့တာတွေကို စကားလုံးသေသေချာချာရွေးပြီး ရေးလိုက်ပါတော့တယ်။ ပြောခဲ့တဲ့စကားလုံးတွေအတိုင်းရေးရင် အယ်ဒီတာက သူပါတရားစွဲခံရနိုင်တယ်ဆိုတာ သိတယ်။ ဒီတော့ စနေနေ့မနက်က အဖြစ်အပျက်ရဲ့ အရသာလည်း အပြည့်အဝ ခံစားရအောင်ကြိုးစားပြီး စောင်းမြောင်းသွယ်ဝိုက်ရေးပြနိုင်ခဲ့ပါတယ်။

"ဒါဆိုရင်တော့ ကမ်းကုန်သွားပြီ"

မိုက်ကယ်က သတင်းစာထဲက ဖော်ပြချက်ကို တတိယအကြိမ်မြောက်ဖတ်ပြီးတဲ့အခါ ပြောလိုက်တာဖြစ်ပါတယ်။ ကာရိုးလ်က သူမအနေနဲ့ ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ယောကျ်ား ဖြစ်သူကို တားမရတော့ဘူးဆိုတာ သိလိုက်ပါပြီ။

နောက်တနင်္လာနေ့ကျတော့ မိုက်ကယ်က အရပ်ရှေ့နေ ရယ်ဂျီနယ်လိုးမက်ကို ဆက်သွယ် လိုက်ပါတယ်။ လိုးမက်က သူတို့နှစ်ယောက်စလုံးနဲ့ ကျောင်းနေဖက်ပါ။

သတင်းစာပါရေးသားချက်ကိုကိုင်ပြီး မိုက်ကယ်က လိုးမက်ကို အယ်ဒီတာကတောင် မရေးရဲတဲ့ ပြောစကားတွေကို ပြန်ပြောပြတယ်။ ပြီးတော့ သူကိုယ်တိုင် အသေးစိတ်ရေးမှတ်ထား တဲ့ စာမျက်နှာလေးမျက်နှာရှိ မှတ်စုတွေကိုလည်း ပေးလိုက်တယ်။

လိုးမက်က အသေအချာဖတ်ကြည့်တယ်။

“ဒါတွေကို မင်းဘယ်တုန်းက ရေးထားတာလဲ”

“ငါ့ကားထဲမှာ........တို့ကို အသင်းဝင်အဖြစ်က ဆိုင်းထားပြီးပြီးချင်းပဲ”

“ဒါက မင်းသတိထားရမယ့်ကိစ္စ၊ သိပ်ကို သတိထားရမယ်”

လိုးမက်က သူ့အမှုသည်ကို လခြမ်းပုံမျက်မှန်ပေါ်က ကျော်ကြည့်ရင်း ပြောလိုက်တယ်။ မိုက်ကယ်က ပြန်မပြောဘူး။ လိုးမက်က ဆက်ပြောတယ် “မင်းသိမှာပေါ့ တရားတပေါင်ဖြစ်တယ် ဆိုတာ တော်တော် ငွေကုန်ကြေးကျများတဲ့ အပန်းဖြေနည်းလေကွာ........၊ အသရေဖျက်မှုနဲ့ တရားစွဲတယ်ဆိုတာ အခုလို သက်သေအထောက်အထားခိုင်မာဦးတော့ ဈေးမချိုလှဘူး၊ ပြီးတော့ မင်းအနေနဲ့ ရှုံးနိုင်သေးတယ်။ ဒါမျိုးဆိုတာ တခြားလူတွေဘယ်လောက်မှတ်မိသလဲ၊ ဒါမှမဟုတ် ဘယ်လောက်မှတ်မိတယ်လို့ ဝန်ခံသလဲဆိုတဲ့အပေါ် မူတည်တယ်”

“ဒါတွေ ငါသိပါတယ်၊ မိုက်ကယ်က ပြောလိုက်တယ်။ ဒါပေမဲ့ ငါကတော့ ဆက်လုပ်မှာပဲ။ အဲဒီ မနက်က လူ ၅ဝ ကျော်လောက်ဟာ ကောင်းကောင်းကြားနိုင်တဲ့နေရာမှာ ရှိနေကြတယ်။”

“ဒါဆိုလည်း ပြီးရောပေ့၊ လောလောဆယ်သုံးဖို့နဲ့ အမှုအတွက်ပြင်ဆင်ဖို့ ကြိုတင်ငွေ ငါးထောင်တော့ လိုလိမ့်မယ်”

ပထမဆုံးအကြိမ် မိုက်ကယ်တွန့်သွားတယ်။

လိုးမက်က “ပြန်ရမှာပါ အမှုကို မင်းနိုင်တယ်ဆိုရင်ပေါ့” လို့ပြောတော့ မိုက်ကယ်က ချက်လက်မှတ်စာအုပ်ကို ထုတ်လိုက်တယ်။ နည်းနည်းစဉ်းစားပြီး သူရခဲ့တဲ့ နစ်နာကြေးလက်ကျန် နဲ့ လောက်ငှရုံသာရှိမယ့် ဂဏန်းတစ်ခုကို ရေးချလိုက်ပါတယ်။

နောက်တစ်နေ့မှာ ဒေးဗစ်နဲ့ လိုးမက်

ဥပဒေအကျိုးဆောင်လုပ်ငန်းအဖွဲ့က လိုးမက်အနေနဲ့ ဖီးလစ်မာစကာအပေါ် အသရေဖျက်မှုနဲ့ စာချွန်လွှာထုတ်ပြန်လိုက်ပါတယ်။

တပတ်အကြာ ဒီမြို့၊ ဒီအဆောက်အအုံမှာပဲရှိတဲ့ တခြားဥပဒေအကျိုးဆောင်လုပ်ငန်း တစ်ခုက စာချွန်လွှာကို လက်ခံလိုက်ပါတယ်။

*

ဂေါက်ကလပ်မှာတော့ ဂီလမာနဲ့ မာစတာအမှုမှာ ဘယ်သူမှားလို့ ဘယ်သူမှန်တယ်ဆိုတာ ကို သီတင်းပတ်တွေကုန်လွန်တဲ့အထိ ပြောမဆုံးပေါင် တောသုံးထောင်ဖြစ်နေပါတော့တယ်။

ကလပ်အသင်းဝင်တွေထဲမှာ ဒီအမှုအတွက် သက်သေအဖြစ် အခေါ်ခံရလေမလားဆိုတာ တီးတိုးတီးတိုးသဖန်းပိုးလုပ်နေကြတယ်။ တချို့လူတွေဆီကို ဒေးဗစ်နဲ့လိုးမက်ဥပဒေအကျိုးဆောင် လုပ်ငန်းက ပေးပို့တဲ့စနေနေ့ကိစ္စမှာ သတိရသလောက် တွက်ချက်ရေးပေးဖို့ တောင်းခံစာတွေ ရောက်လာပါတယ်။ လူတော်တော်များများကတော့ သူတို့မှာ မေ့လျော့တတ်တဲ့ ရောဂါရှိတဲ့ အကြောင်း၊ နားကောင်းကောင်းမကြားတဲ့အကြောင်းနဲ့ တောင်းပန်ကြတယ်။ တချို့ကတော့ ရန်ပွဲ အကြောင်း ကွက်ကွက်ကွင်းကွင်းရေးပေးကြတယ်။ မိုက်ကယ်က အားတက်လာပြီး ဆက်တွန်း တယ်။ ကာရိုးလ်ခမျာတော့ တုန်လှုပ်ချောက်ခြားနေရှာတယ်။

တစ်လလောက်အကြာ တစ်နံနက်မှာတော့ မိုက်ကယ်ဂီလမာဆီကိုရယ်ဂျီနာလိုးမက်က တယ်လီဖုန်းဆက်တယ်။ ဒီအချိန်မှာ ကာရိုးလ်က ဘဏ်ကိုထွက်သွားပြီ။ လိုးမက်ရဲ့အဆိုအရ တစ်ဖက်ရှေ့နေတွေက ဒီကိစ္စကို တရားရုံးပြင်ပမှာ ဆွေးနွေးချင်တယ်လို့ဆိုတယ်။

မိုက်ကယ်က "အင်းလေ.......ဘာအံ့ဩစရာရှိလဲ၊ သက်သေတွေ ဒါလောက်စုဆောင်း ထားပြီးမှပဲ"

“ဒါက ဆွေးနွေးရုံရှိသေးတာနော်” လိုးမက်က သတိပေးလိုက်တယ်။

“ဆွေးနွေးနွေး မနွေးနွေး ပေါင်တစ်သိန်းအောက်လျှော့လို့တော့ ငါက ကြေအေးမှာ မဟုတ် ဘူး”

“ငါဖြင့် ဘာမှမသိရသေးဘူး၊ သူတို့ဘက်က........”

“ငါ သိပါတယ်၊ လွန်ခဲ့တဲ့ ၁၁ ပတ်လုံးလုံး ဒီခွေးကောင်ကြောင့် ဘယ်အလုပ်ကမှ ငါ့ကို ခေါ်ပြီး မဖြုံးတာ ငါသိတယ်” မိုက်ကယ်က နာနာကျည်းကျည်းနဲ့ ပြောလိုက်ပါတယ်။

“ပေါင်တစ်သိန်းထက် မနည်းစေရဘူး........မင်းကြားတယ်နော်”

“မင်း နည်းနည်း အကောင်းမြင်လွန်းနေတယ်လို့ ငါထင်တယ်။ ထားပါလေ........သူတို့နဲ့ တွေ့ပြီး ဟိုဘက်က ဘယ်လိုတုံ့ပြန်တယ်ဆိုတာ သိသိချင်း မင်းဆီဖုန်းဆက်လိုက်ပ့ါမယ်”

ညနေကျတော့ မိုက်ကယ်က ကာရိုးလ်ကို သတင်းကောင်းပြောပြတယ်။ ဒါပေမဲ့ သူမက လည်း ရယ်ဂျီနယ်လိုးမက်အတိုင်းပဲ သိပ်ပြီးဘဝင်မကျဘူး။ ဒီအချိန်မှာ တယ်လီဖုန်းသံဝင်လာ တော့ စကားပြတ်သွားကြတယ်။ မိုက်ကယ်ရော၊ သူ့အနားရပ်နေတဲ့ကာရိုးလ်ရော လိုးမက်ရဲ့ အစီရင်ခံချက်ကို ဂရုတစိုက်နားထောင်နေကြတယ်။ ဖီးလစ်က နှစ်သောင်းငါးထောင်နဲ့ ကြေအေး ချင်တဲ့သဘောရှိတယ်။ နောက်ထပ်လည်း နှစ်ဖက်ကုန်ကျစရိတ်ကို ကျခံမယ်ပြောတယ်။

ကာရိုးလ်က ကျေးဇူးတင်စွာနဲ့ လက်ခံလိုကြောင်း ခေါင်းညိတ်ပြတယ်။ ဒါပေမဲ့ မိုက်ကယ် က တစ်သိန်းထက်နည်းလို့မရဘူးဆိုတာကိုပဲ လိုးမက်ကို တင်းခိုင်းတယ်။ မိုက်ကယ်က-

“မင်းမမြင်ဘူးလား၊ ဒီအမှုရုံးရောက်ရင် ဘယ်လောက်ကုန်မယ်ဆိုတာ

သူတွက်ထားပြီးပြီ လေ၊ ငါ့ဘက်က မလျှော့ဘူးဆိုတာလည်း သူကောင်းကောင်းသိတာပဲ”

ကာရိုးလ်နဲ့ လိုးမက်ကတော့ သဘောမတွေ့ဘူး။

“ဒါက မင်းထင်တာထက်တောင် ပိုပြီး မရေရာတဲ့ကိစ္စပဲ” လို့ ရှေ့နေကသူ့ကိုပြောတယ်။ “ဟိုက်ကုတ်ဂျူရီလူကြီးတစ်ယောက်က ဒီစကားတွေကို အပြောင်အပြက်ပြောတာလို့ ယူဆသွား နိုင်တာပဲဇ

“အပြောင်အပြက်........ဟုတ်လား၊ ကဲ ဒီလိုဆို ထိုးကြကြိတ်ကြတာကျတော့ကော”

“မင်းက စတာပဲ၊ ဒီလိုအခြေအနေမှာ နှစ်သောင်းခွဲဆိုတာ မဆိုးပါဘူး”

မိုက်ကယ်ကတော့ မလျှော့ပါ။ သူက ပေါင်တစ်သိန်းတောင်းဖို့ ထပ်တလဲလဲပြောရင်းနဲ့ နှစ်ပတ်ကြာတော့ တစ်ဖက်က မြန်မြန်ထက်ထက်ပြေလည်ဖို့အတွက် ပေါင်ငါးသောင်းပေးလာ တယ်။ ဒီတစ်ခါမှာတော့ မိုက်ကယ်မဆိုင်းမတွငြင်းပစ်လိုက်တာကို လိုးမက် မအံ့ဩတော့ပါဘူး။

“မင်းကြီးဒေါ်........ဘာမြန်မြန်ထက်ထက်လဲကွ၊ တစ်သိန်းထက် နည်းလို့တော့ မစဉ်းစား ဘူးဆိုတာ မင်းကိုပြောပြီးသားနော်........”

ဆင်ဆင်ခြင်ခင်လုပ်ဖို့ တောင်းပန်နေလဲ အပိုပဲ၊ ဘယ်လိုမှ နားဝင်မှာမဟုတ်ဘူးဆိုတာ လိုးမက်သိသွားပါပြီ။

နောက်ထပ်ရက်သတ္တ သုံးပတ်အတွင်း ရှေ့နေတွေအကြား အသွားအပြန် တယ်လီဖုန်း တဂွမ်ဂွမ်ဆက်ပြီးတော့မှပဲ တစ်ဖက်က ပေါင်တစ်သိန်းအပြည့်အဂပေးပါ့မယ်လို့ လက်ခံခဲ့ပါတယ်။ ရယ်ဂျီနယ်လိုးမက်က တစ်နေ့မှာ တော်တော်လေးညဥ့်နက်တော့မှ ဒီသတင်းကို ဖုန်းဆက်

အကြောင်းကြားပါတယ်။ ပြောတော့လည်း သူဘယ်လောက်ကြိုးစားခဲ့ရတယ်ဆိုတာ မင်္ဂလာယူတဲ့ လေသံနဲ့ပေါ့။ လိုအပ်တဲ့ စာရွက်စာတမ်းတွေကိုလည်း အမြန်ဆုံးပြုစုရေးဆွဲပြီး ကြေအေးမှုကို လည်း ရက်ပိုင်းအတွင်းပြီးပါစေမယ်လို့ မိုက်ကယ်စိတ်အေးအောင် သူကပြောတယ်။ ပြီးတော့ ထပ်ပြီးသူက-

“မင်းကုန်ကျခဲ့တာတွေလည်း ပါမှာပါ” လို့ ပြောတယ်။

“ပါရမှာပေ့ါ”

“အခု မင်းလုပ်ပေးဖို့ကျန်တာက သဘောတူကြောင်း လက်မှတ်ထိုးရုံပါပဲ”

စာကို ခပ်တိုတိုရေးပြီး နှစ်ဖက်သဘောတူညီချက်နဲ့ ဟောဇယ်မီးယားခရော်နီကယ် သတင်း စာတိုက်ကို ပေးဖို့ထုတ်ပြန်လိုက်ပါတယ်။ သတင်းစာကလည်း နောက်တစ်နေ့သောကြာနေ့မှာ မျက်နှာဖုံးကနေပြီး စာပါအကြောင်းအရာတွေကို ပုံနှိပ်ဖော်ပြလိုက်တယ်။

“ဂီလမာနဲ့ မာစတာတို့အကြား အငြင်းပွားခဲ့သည့် အသရေဖျက်မှုတွင် ပေးပို့ခဲ့သည့် စာချွန်လွှာကို နှစ်ဖက်သဘောတူညီချက်ဖြင့် ရုပ်သိမ်းလိုက်ကြောင်း သိရှိရသည်။ ထိုသို့ ကြေအေး ရန်ရုံးတော်၏ ပြင်ပတွင်ညှိနှိုင်းလျက် ခုခံချေပသူဖက်မှ ထိထိရောက်ရောက်ပေးချခဲ့ရကြောင်း လည်း သိရသည်။ ထို့အပြင် ဖီးလစ်မာစကာက အခင်းဖြစ်သည့်နေ့ နံနက်က ပြောကြားခဲ့သည့် စကားများကို ပြန်လည်ရုပ်သိမ်းပြီး ချွင်းချက်မရှိတောင်းပန်ခဲ့ကြောင်းနှင့် နောက်နောင်ထိုပြောဆို ခဲ့ချက်များကို မည်သည့်အခါမှ ထပ်မံပြောကြားတော့မည်မဟုတ်ကြောင်းလည်း ကတိပြုသည်ဟု ဆိုသည်။ ယခုနောက်ဆုံး မစ္စတာမာစကာက တရားလို၏ ကုန်ကျစရိတ်များကိုလည်း အပြည့်အဝ ပေးချပြီးဖြစ်သည်ဟု ကြားသိရကြောင်း”

ဖီးလစ်က အဲဒီ နေ့မှာပဲ ကာနယ်ကြီးဆီကို စာရေးလိုက်တယ်။ အငြင်းပွားတဲ့နေ့က သူ သောက်တာနည်းနည်းများသွားတယ်လို့ ထင်မိကြောင်း၊

အခုလို စိတ်မထိန်းနိုင် မသိမ်းနိုင်နဲ့ ပေါက်ကွဲခဲ့တဲ့အတွက်လည်း တောင်းပန်ခဲ့ပြီး နောင်မှာထပ်မဖြစ်ဖို့ ဝန်ခံကြောင်းတွေပါဝင်ပါတယ်။

အခုဖြစ်ပျက်ခဲ့မှုရဲ့ ရလာဒ်ကို စိတ်မကောင်းဖြစ်ရတဲ့ တစ်ဦးတည်းသောသူကတော့ ကာရိုးလ်ပါပဲ၊

"ဘာဖြစ်လို့လဲ........အချစ်ရယ်........အမှုမှာ တို့နိုင်တာပဲ၊ ငွေရေးကြေးရေးပြဿနာလည်း ပြေလည်သွားတယ်လေ" လို့ မိုက်ကယ်က ပြောတော့-

"သိပါတယ်၊ ဒါပေမဲ့ ငွေတစ်သိန်းနဲ့ ရှင့်အရင်းနှီးဆုံးသူငယ်ချင်းတစ်ယောက် ဆုံးရှုံးရတာ တန်လို့လား" လို့ ကာရိုးလ်က ပြန်ပြောလိုက်ပါတယ်။

နောက်တစ်နေ့မနက်စာဝေချိန်မှာ မိုက်ကယ်ဟာ စာအိတ်ပေါ်မှာ ဂေါက်ကလပ်တံဆိပ်ပါ တဲ့ စာတစ်စောင်ရရှိခဲ့တယ်။ သူက စိတ်လှုပ်ရှားစွာနဲ့ ဖွင့်ဖတ်လိုက်တယ်။

"ခင်မင်ရပါသော မစ္စတာ ဂီလမာ

လွန်ခဲ့သည့် ဗုဒ္ဓဟူးနေ့က ပြုလုပ်ခဲ့သော ကော်မတီအစည်းအဝေးတွင် ဧပြီ ၁၆ ရက်နေ့ နံနက်က ကလပ်ခန်းမအတွင်း လူကြီးမင်းပြုမူခဲ့သည့်ကိစ္စကို ဆွေးနွေးခဲ့ပါသည်။ ယင်းသို့ဆွေးနွေး ရာတွင် ကလပ်အဖွဲ့ဝင်များ၏ တိုင်တန်းချက်များကို မှတ်တမ်းတင်ပြီး ယခုတစ်ကြိမ်တွင် လူကြီးမင်းတို့နှစ်ဦးစလုံးအား ပြင်းထန်စွာသတိပေးရန် ဆုံးဖြတ်ခဲ့ပါသည်။ နောင်တွင် ဤကဲ့သို့ သော အဖြစ်မျိုးထပ်မံဖြစ်ပွားပါက လူကြီးမင်းတို့၏ အသင်းဝင်ဖြစ်ခွင့်သည် အလိုအလျောက် ဆုံးရှုံးသွားပြီဟု မှတ်ယူရပါမည်။

ဧပြီ ၁၆ ရက်စွဲပါ ကာနယ်မာသာထုတ်ပြန်ခဲ့သည့် ယာယီရပ်ဆိုင်းခြင်းအမိန့်ကို ယခု ရုပ်သိမ်းလိုက်ပါသည်။

သစ္စာရှိစွာဖြင့်

ရယ်ရမီဟောင်းဝပ်(အတွင်းရေးမှူး)

"ကျွန်မ ဈေးဝယ်ထွက်မလိုပ" ကာရိုးလ်က လှေကားထိပ်ကနေ လှမ်းပြောလိုက်တယ်။ "ရှင်ကော ဒီမနက်ဘာလုပ်မှာလဲ"

"ငါ ဂေါက်တစ်ပွဲသွားရိုက်မလို့" မိုက်ကယ်က စာရွက်ကို ခေါက်ရင်းပြောလိုက်တယ်။

"ကောင်းတယ်" လို့ ကာရိုးလ်ပြောပြီး မိုက်ကယ်တစ်ယောက် ဘယ်သူနဲ့များတွဲရိုက်မှာ ပါလိမ့်လို့ တွေးနေမိပါတယ်။

*

ဒီစနေနေ့မနက်မှာ ပထမကျင်းအတွက် တီခုံကနေ တာထွက်တော့ မိုက်ကယ်နဲ့ ဖီလစ်တို့ တွဲတာကို အသင်းဝင်နည်းနည်းပဲ သတိထားမိကြတယ်။ ကလပ်ကပ္ပတိန်က ရန်ပွဲကိစ္စကို အားလုံး ကျေကျေနပ်နပ်ရှင်းလိုက်နိုင်တဲ့အတွက် သူဂုဏ်သာကြောင်း ကာနယ်ကိုပြောပြတယ်။

"ငါကတော့ မကျေနပ်ဘူး" လို့ ကာနယ်က တိုးတိုးပြောတယ်။ "ခရမ်းချဉ်သီးဖျော်ရည် သောက်ပြီး ဘယ်လိုလုပ်မူးလို့ရမှာလဲ"

ဘာများသူတို့ပြောစရာရှိနေကြပါလိမ့်လို့ ကပ္ပတိန်က လသာဆောင်ပြတင်းကနေလှမ်း ကြည့်ပြီး ပြောလိုက်တယ်။ ကာနယ်ကြီးကတော့ ဒီလူနှစ်ယောက်ကို အနီးကပ်မြင်ရအောင် မှန်ပြောင်းကိုထုတ်ပြီးကြည့်တယ်။

"ဘယ်လိုလုပ်ပြီး လေးပေလောက်ကလေး ကျင်းစိမ်တာကို လွဲရတာ လဲ........ငတုံးရဲ့" လို့ ပထမကျင်းရဲ့ ဂရင်းမြက်ခင်းပေါ် သူတို့ရောက်ပြီးချိန်မှာ မိုက်ကယ်ကမေးလိုက်တယ်-

"မင်းကတော့ မူးနေပြန်ပြီထင်တယ်"

“မင်းကောင်းကောင်းသိပါတယ်၊ ညစာမစားခင် ငါဘယ်တော့မှ မသောက်ဘူးဆိုတာ” လို့ ဖိလစ်ကပြန်ပြောတယ်။ “ဒါကြောင့် ငါမူးပြန်ပြီလို့ မင်းစွပ်စွဲတာ အသရေဖျက်မှုမြောက်တယ်ကွ”

“အေးပါ၊ ဒါပေမဲ့ ဘယ်မှာလဲ မင်းရဲ့သက်သေတွေ” မိုက်ကယ်က သူတို့ ဒုတိယခုံကိုသွား ကြရင်း ပြောလိုက်တယ် “ငါ့တုန်းက သက်သေ ငါးဆယ်ကျော်တယ်၊ မင်းမမေ့နဲ့”

သူတို့နှစ်ယောက် ရယ်လိုက်ကြတယ်။

သူတို့ဟာ ပထမရှစ်ကျင်းကစားနေတုန်း ရန်ပွဲအကြောင်းမပြောကြဘဲ ရောက်တတ်ရာရာ စကားတွေကိုသာပြောနေခဲ့ကြတယ်။ ကလပ်ခန်းမနဲ့ အဝေးဆုံး ကိုးကျင်း ဂရင်းပေါ်ရောက်တော့ မှပဲ ဒီအကြောင်းကို စပြောတယ်။ အနီးအနားမှာ လူရှိမရှိစစ်ကြည့်တော့ သူတို့နဲ့အနီးဆုံးလူတွေက ကိုက် ၂၀၀ လောက်ဝေးတဲ့ နံပါတ် ရှစ်ကျင်းကို စိမ်နေကြပါတယ်။

အဲဒီ အချိန်မှာ မိုက်ကယ်က သူ့ဂေါက်အိတ်ထဲက အထုပ်ညိုခပ်ကြီးကြီးတစ်ခုကို ထုတ်ယူ ပြီး ဖီးလစ်ကိုကမ်းပေးလိုက်တယ်။

“ကျေးဇူးပဲ” လို့ ဖီးလစ်ကပြောပြီး ကျင်းစိမ်ပတ်တာ တုတ်တစ်ချောင်းကိုယူရင်း အထုပ်ကို သူ့အိတ်ထဲထည့်လိုက်တယ်။ “ငါလုပ်ခဲ့သမျှတွေထဲက အပိုရိဆုံးကလေးတစ်ခုပါပဲ” လို့လည်း ဂေါက်သီးကိုတည်ရင်း ပြောလိုက်တယ်။

“ငါက ပေါင်လေးသောင်း ရလိုက်တယ်။ မင်းက တစ်ပြားမှ မကုန်ဘူးလေ.......” လို့ မိုက်ကယ်က ပြုံးပြီးပြောတယ်။

“အခွန်ကို ငါက အမြင့်ဆုံးနှုန်းနဲ့ ဆောင်ထားတာကိုး၊ ဒါကြောင့် အခုလိုဆုံးရှုံးတာကို တရားဝင်လုပ်ငန်းသုံးအနေနဲ့ ပြလို့ရတာ ပေါ့” လို့ ဖီးလစ်ကပြောတယ်။ “ဒါကလည်း မင်းကို အလုပ်မခန့်ခဲ့ဖူးရင်

လုပ်လို့ရမှာမဟုတ်ဘူး”

“ပြီးတော့ ငါကလည်း တရားနိုင်တဲ့အမှုသည်တစ်ယောက်အနေနဲ့ တရားမမှုကရတဲ့ နစ်နာကြေးကို အခွန်ဆောင်စရာမလိုဘူးလေ”

ဖီးလစ်က “ဒီဟာကွက်ဟာ ဘဏ္ဍာရေးဝန်ကြီးတောင် မရိပ်မိသေးဘူးကွ” လို့ပြောတော့-

“ရယ်ဂျီလိုးမက် ရတာ တော့ ဟုတ်ပါရဲ့၊ ဒါပေမဲ့ သူတို့ရတဲ့ ရှေ့နေခတွေအတွက် စိတ်မ ကောင်းပါဘူး” လို့ မိုက်ကယ်က ဆက်ပြောတယ်။

“နိုးပရော်ဗလန်ပါ........သူငယ်ချင်းရာ၊ ကိစ္စမရှိပါဘူး။ သူတို့လည်း အခွန်လွတ်တာပါ။ အဲဒီ တော့ မင်းကြည့်လေကွာ........ငါက တစ်ပြားမှမစိုက်ရပဲ မင်းကအခွန်လွတ်ပေါင်လေးသောင်း ပိုက်မိသွားပြီပေါ့”

မိုက်ကယ်ကရယ်ရင်း “ဘယ်သူမှလည်း မ သိလိုက်ဘူးလေကွာ” လို့ ပြောလိုက်တယ်။

ကာနယ်ကြီးက သူ့မှန်ပြောင်းကို အိတ်ထဲပြန်ထည့်လိုက်ပါတယ်။

ကလပ်ကပ္ပတိန်က-

“ဥက္ကဋ္ဌရဲ့ ကျင်းစိမ်ပတ်တာတုတ်ပြိုင်ပွဲမှာ ဘယ်သူနိုင်မယ်လို့များ မြင်ထားမိလဲ ကာနယ်”

“ဟင့်အင်း........ဒီနှစ်လူငယ်ပြိုင်ပွဲရဲ့သေချာပေါက် စပွန်ဆာကိုပဲ ငါမြင်တာပါ” လို့ ပြော လိုက်ပါတယ်။

**(Jeffrey Archer ရဲ့ The Loophole)**

*